# COVID-19 အေဂျင်စီ အချက်အလက်စာရွက်

The Department of Children, Youth, and Families (DCYF) သည် ဤအချက်အလက် စာရွက်ကို မေလ 27 ရက်၊ 2020 ခုနှစ်တွင် နောက်ဆုံး မှတ်တမ်းတင်ထားပါသည်။ DCYF သည် ဤစာရွက်စာတမ်းကို လိုအပ်သလို ဆက်လက်၍နောက်ဆုံးပေါ် အချက်အလက်များနှင့်အညီ မှတ်တမ်းတင်သွားမည်ဖြစ်သည်။ ထပ်ဆင့်အချက်အလက်များကို သိရှိလိုပါက **dcyf.wa.gov** သို့ ဝင်ရောက် ကြည့်ရှုပါ။

COVID-19 ဗိုင်းရပ်စ် ပျံ့နှံ့မှုကို တားဆီးရန် DCYF အနေဖြင့် အဆောက်အဦများ အားလုံးအတွင်းရှိ လူထုရည့်သည်စောင့်ခန်းများကို ပိတ်ထားပြီး လူချင်းတွေ့၍ စီးပွားရေးကိစ္စ လုပ်ဆောင်ခြင်းများကိုပါ ရပ်တန့်ထားပါသည်။

**တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်း (PPE)**

- ယင်းတွင် လက်အိတ်များ၊ နှာခေါင်းစည်းများ၊ အကာကွယ်ဝတ်ရုံများ၊ ဖိနပ်ရှည်များနှင့် မျက်နှာဖုံးများ ပါဝင်ပါသည်။
- DCYF သည် PPE ရရှိထားပြီး 24/7 အဆောက်အအုံများ နှင့် COVID-19 ဗိုင်းရပ်စ်နှင့် ထိတွေ့မိနိုင်သည့် အလားအလာရှိသည့်ဝန်ထမ်းများကို ထောက်ပံ့ပေးနေပါသည်။ PPE များစွာ လိုအပ်သည်ကို နားလည်သိရှိပြီး များများရနိုင်အောင် ကြိုးပမ်းလျက်ရှိပါသည်။

## မိသားစုထောက်ပံ့ရေး အစီအစဉ်များ

### အိမ်သို့ လည်ပတ်ခြင်း

- မတ်လတွင်၊ DCYF သည် အိမ်သို့ လည်ပတ်ဝန်ဆောင်မှုပေးသည့် အဖွဲ့များကို လူချင်းတွေ့၍ လည်ပတ်မည့်အစား ဗီဒီယို ဖြင့် သို့မဟုတ် တယ်လီဖုန်းဖြင့်သာ လည်ပတ်ရန် တောင်းဆိုထားပါသည်။ အဝေးထိန်းစနစ်ဖြင့် လည်ပတ်ပေးခြင်းများကို ဇွန်လ 30 အထိ ဆက်လက်လုပ်ဆောင်နိုင်သည်။အိမ်သို့ လည်ပတ်ဝန်ဆောင်မှုပေးသည့် အဖွဲ့အချို့သည် ဗီဒီယို (သို့မဟုတ်) ကွန်ရက်ကို အခြေခံထားသည့် လည်ပတ်မှုများ နှင့် တယ်လီဖုန်း၊ အီးမေးလ် သို့မဟုတ် စာတိုပို့၍ လုပ်ဆောင်ကြသည်။ တချို့သော ဝန်ဆောင်ပေးသည့် အဖွဲ့များသည် ဘေးကင်းသည့် အကွာဝေးမှ နေ၍ မိသားစုများထံသို့ ပစ္စည်းကိရိယာများကို ပို့ဆောင်ပေးလျက်ရှိပါသည်။
- DCYF သည် Home Visiting Service Account (HVSA) ထောက်ပံ့မှုအစီအစဉ်များ၏ လူချင်းတွေ့ လည်ပတ်သည့်အစီအစဉ်များကို ဇွန်လ 30 ထိ ရပ်ဆိုင်းထားဖို့ တောင်းဆိုထားပါသည်။
    - လတ်တလောအတွင်းတွင် DCYF သည် တောင်းဆိုချက်များ အားလုံး မပြည့်မီလျှင်ပင် သင့်လျော်ခိုင်မာသည့် ကုန်ကျစရိတ်များကို အကောင့်ပိုင်ရှင်များအားလုံးထံသို့ ပေးဆောင်သွားမည်ဖြစ်သည်။

**Early Support for Infants and Toddlers (ESIT)**

- Early intervention ဝန်ဆောင်ပေးသူများသည် ဘေးကင်းရေးအတွက် ဇွန်လ 30 ရက်အထိ ဖုန်းနှင့် ဗီဒီယို ခေါ်ဆိုမှုများနှင့်သာ လည်ပတ်မှုများကို ဆက်လက်၍ လုပ်ဆောင်နေပါသည်။

## ကလေးများ လူမှုဖူလုံရေး

**Intake လိုင်း**

- DCYF သည် ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့် လျစ်လျူရှုခံရခြင်းများအတွက် ဆက်သွယ်ရန် အခမဲ့ ဟော့လိုင်း ဖုန်းနံပါတ် 1-866-363-4276 ကိုဆက်လက်၍ ထားရှိပေးထားပါသည်။

**လည်ပတ်ဆောင်ရွက်ခြင်း**

- DCYF သည် လူချင်းတွေ့ဆုံနိုင်သည့် လည်ပတ်မှုများကို ပြန်လည်စတင်နေသော်လည်း COVID-19 ကပ်ရောဂါကာလအတွင်းတွင် အဝေးထိန်းစနစ်နှင့် လူချင်းတွေ့လည်ပတ်မှု နှစ်ခုစလုံးကို သုံး၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။
- ကလေးသူငယ်များ ဘေးကင်းရေးအတွက် DCYF သည် ကလေးသူငယ်များကို ညှင်းပန်းနှိပ်စက်ခြင်းနှင့် လျစ်လျူရှုခြင်း ဆိုင်ရာ တိုင်တန်းခြင်းများကို လူတွေ့လက်ခံပါသည်။
- DCYF သည် လည်ပတ်မှုတွင်ပါဝင်ဆောင်ရွက်သူများဘေးကင်းနိုင်သမျှ ဘေးကင်းနိုင်ရေးအတွက် DOH ၏ ကျန်းမာရေးလမ်းညွှန်ချက် နှင့် လုပ်ထုံးလုပ်နည်းများ ကို လျှောက်လိုက်ရန် ဝန်ဆောင်မှုပေးသူများကို တောင်းဆိုထားပါသည်။

**မွေးစားစောင့်ရှောက်ရေး လိုင်စင်လုပ်ခြင်း**

- DCYF သည် အစီအစဉ်များနှင့် မိသားစုများကို ထောက်ပံ့ပေးနိုင်ရန် အရေးပေါ် မွေးစားစောင့်ရှောက်ရေး စွန့်လွှတ်ကြောင်း တရားဝင်စာနှင့် ခြွင်းချက် အစီအစဉ်များ ကို ထုတ်ပြန်ထားပါသည်။
    - COVID-19 ကာလအတွင်း ဝါရှင်တန်ပြည်နယ်၏ ညွှန်ကြားချက် ကုဒ်များနှင့် မကိုက်ညီပါက မွေးစားစောင့်ရှောက်ရေးဝန်ဆောင်မှုပေးသူများ အနေဖြင့် ဒေသဆိုင်ရာ လိုင်စင်ထုတ်ပေးသူများနှင့် ရရှိနိုင်သော ရွေးချယ်မှုများကို ဆွေးနွေးတိုင်ပင်နိုင်ပါသည်။
    - မွေးစားမိဘ ဖြစ်လာနိုင်ရန်လိုအပ်သည့် အရာများကို လေ့လာလိုပါက 1-888-543-7414 ကို ဖုန်းခေါ်ဆိုပါ။
- DCYF အနေဖြင့် DOH ၏ ခပ်ခွာခွာနေခြင်း ညွှန်ကြားချက်များနှင့် မြို့တော်ဝန်၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရန် ဝန်ဆောင်မှုပေးသူများ အားလုံးကို တောင်းဆိုထားပါသည်။

**နောက်ကြောင်းရာဇဝင် စိစစ်ခြင်း**

DCYF သည် ဆောင်ရွက်မှုမြန်ဆန်စေရန်၊ ဘေးကင်းစွာဖြင့်အတားအဆီးများကို ဖယ်ရှားခြင်း နှင့် ကလေးသူငယ်များကို တာဝန်ယူစောင့်ရှောက်နိုင်သူများကို အကဲဖြတ်နိုင်ရန်အတွက် ကလေးသူငယ်များ

လူမှုဖူလုံရေးနှင့် သင်ကြား
လေ့လာမှုအစီအစဉ်များနှင့် စပ်လျဉ်း၍ နောက်ကြောင်းရာဇဝင် စိစစ်ခြင်းများကို ပြောင်းလဲမွမ်းမံထားပါသည်။

### ကလေးသူငယ် စောင့်ရှောက်ရေး

- ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများနှင့် မိသားစုထောက်ပံ့ရေးအဖွဲ့များသည် အခန်းတွင်း၌ ကလေး၊ လူကြီးအပါအဝင် လူ 10 ယောက်ထက် ပိုမရှိနေသင့်ပါ။ အကယ်၍ ဂေဟာတွင်း သီးခြားအုပ်စုတစ်စုထက် ဖွဲ့နိုင်သော အကျယ်အဝန်းရှိပါက ယင်းသို့ လုပ်ဆောင်နိုင်ပါသည်။
- First responders များ နှင့် မဖြစ်မနေလုပ်ဆောင်နေရသော ဝန်ထမ်းများသည် ကလေးသူငယ်စောင့်ရှောက်ရေး လိုအပ်ပါသည်။ (သူနာပြုများ၊ ဆရာဝန်များ၊ ရဲဝန်ထမ်းများ၊ မီးသတ်များ၊ ဆေးဘက်ဆိုင်ရာအကူများနှင့် လူမှုဝန်ထမ်းများ) DCYF သည် ဦးစားပေးစာရင်းတွင်ရှိသော မိသားစုများကို အရင်ဆောင်ရွက်ပေးဖို့နှင့် လူမှုအသိုက်အဝန်းတွင် အလိုအပ်ဆုံးကလေးများကို ဦးစားပေးလုပ်ဆောင်ပေးရန် ဝန်ဆောင်မှုအဖွဲ့များကို တိုက်တွန်းထားပါသည်။
- DCYF သည် ကလေးသူငယ်ဝန်ဆောင်မှုပေးသူများကို CARES Act အောက်တွင် ပံ့ပိုးပေးလျက်ရှိပါသည်။ ဝန်ဆောင်မှုပေးသူများသည် ထောက်ပံ့ငွေများကို ဇွန်လ 30 ရက်နေ့အထိ (သို့မဟုတ်) **wacompass.force.com/PP_LoginPage** တွင် ထောက်ပံ့မှုအစီအစဉ် အဆုံးသတ်ချိန်ထိ လျှောက်ထားနိုင်ပါသည်။

### ကလေးသူငယ်များအားစောင့်ရှောက်ရေးထောက်ပံ့ငွေ

- DCYF သည် လတ်တလောတွင် မိသားစုများ ကလေးသူငယ်စောင့်ရှောက်ရေးကို အသုံးပြုနိုင်ရန် လုပ်ကိုင်ဆောင်ရွက်ပုံများ၏ စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲထားပါသည်။
  - မိသားစုများအနေဖြင့် 12 လ ပြည့်တိုင်း ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပြန်လည်စာရင်းသွင်းရမည်ဖြစ်ပြီး ပြည့်မီနိုင်ရန် အတွက် လိုအပ်ချက်များရှိပါသည်။ DCYF သည်မိသားစုများဆက်လက်၍ တောင်းဆိုချက်များနှင့် ပြည့်မီရန် စည်းမျဉ်းစည်းကမ်းများကိုလိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်နေပါသည်။
  - မိသားစုများသည် လိုအပ်လာပါက ပြန်လည်လျှောက်ထားခြင်း အပါအဝင် မိမိတို့၏ အခြေအနေများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများကိုပါ တင်ပြရမည် ဖြစ်သည်။
  - တောင်းဆိုချက်နှင့် ပြည့်မီပြီး ကလေးသူငယ်စောင့်ရှောက်ရေးကို လိုအပ်ချိန်တိုင်း အသုံးပြုနိုင်ရန်အတွက် ပြန်လည်လျှောက်ထားဖို့ မိသားစုများကို ကျွန်ုပ်တို့ တိုက်တွန်းပါသည်။
  - DCYF သည် ဧပြီလ၊ မေလနှင့် ဇွန်လအတွက် ကြိုတင်ပေးငွေများကို ထုတ်ပေးလျက်ရှိပြီး Working Connections Child Care မှတဆင့်လက်ခံရရှိပါလိမ့်မည်။ DCYF သည် ဝန်ဆောင်မှုပေးသူများကို မိသားစုများ ပေးဆောင်ရမည့် ကုန်ကျစရိတ်များကို ငွေအပြည့် ချေပေးမည့် အပြင် အခြေခံနှုန်းထားနှင့် ကြိုတင်ငွေများကိုပါ ပေးဆောင်သွားမည်ဖြစ်သည်။

### Early Achievers အစီစဉ် တွင်ပါဝင်ထားသူများ

- Early Achievers အစီစဉ် တွင်ပါဝင်ထားသောဝန်ဆောင်မှုပေးသူများသည် အရည်အသွေးတိုးတက်မှု ဆုတံဆိပ်များနှင့် ထပ်ဆင့်စိုက်သုံးငွေအပြင် စာရင်းသွင်းငွေများကိုပါ ဆက်လက်၍ ရရှိသွားမည်ဖြစ်သည်။ မြို့တော်ဝန် Inslee မှ အောက်ပါ ငွေပေးချေမှုအစီအစဉ်များ အပေါ်အကျိုးသက်ရောက်မှု မရှိစေသည့် Early Achievers သက်တမ်းများ၊ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အမိန့်ထုတ်ပြန်ထားပါသည်။

**Juvenile Rehabilitation (JR)**

- DCYF သည် လူချင်းတွေ့ဆုံလည်ပတ်မှုအစား ဗီဒီယိုဖြင့် တွေ့ဆုံလည်ပတ်မှုကို အစားထိုးထားပါသည်။
- အဆောက်အဦးအတွင်းသို့ 24/7 ဝင်ရောက်နေသည့် အရောင်းဝန်ထမ်းများနှင့် ရုံးဝန်ထမ်းများကို COVID-19 ရောဂါလက္ခဏာ ရှိမရှိ စမ်းသပ်စစ်ဆေးရမည်။
- JR အဆောက်အဦးတွင်းသို့ မဝင်မီတွင် ရုံးဝန်ထမ်းများ၊ အရောင်းဝန်ထမ်းများ နှင့် ကန်ထရိုက်တာများသည် ရောဂါလက္ခဏာရှိသူ မည်သူနှင့်မဆို ထိတွေ့ခဲ့မှုရှိမရှိ မေးမြန်းခံရပါလိမ့်မည်။
- ဝန်ထမ်းများအားလုံး၊ နေထိုင်သူများနှင့် ကန်ထရိုက်တာ အားလုံးသည် အဆောက်အဦးအတွင်းသို့ ဝင်ရာတွင် မိမိတို့၏ လက်များကို ဆေးကြောပြီးမှသာ ဝင်သင့်သည်။
- အဆောက်အဦးများကို အလှည့်ကျ ပိုးသတ်လေ့ရှိပြီး အထူးသဖြင့် လူအများနှင့် ထိတွေ့မှုများသော နေရာများကို ဖြစ်သည်။
- နေထိုင်သူများသည် နေမကောင်းဖြစ်ဖြစ်ချင်း ဝန်ထမ်းများကို အသိပေးအကြောင်းကြားသင့်ပါသည်။
- နေထိုင်မကောင်းဖြစ်နေပါက ဆေးဝါးကျွမ်းကျင်သူကို ချက်ချင်းဆက်သွယ်ပြီး မိသားစုကိုပါ အသိပေးမည် ဖြစ်သည်။

**ဆက်သွယ်ရန်**

မေးမြန်းစရာများရှိပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ DCYF ဝက်ဘ်ဆိုက်၌ဆက်သွယ်ရမည့်အချက်အလက်သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် **dcyf.covid-19@dcyf.wa.gov** သို့ ဆက်သွယ်ပါ။

ဤစာရွက်စာတမ်းကို အခြားသောဘာသာစကား သို့မဟုတ် အခြားသောပုံစံဖြင့်ရယူလိုပါက ကျေးဇူးပြု၍ DCYF Constituent Relations (1-800-723-4831 | 360-902-8060, **ConstRelations@dcyf.wa.gov**) သို့ ဆက်သွယ်နိုင်ပါသည်။

DCYF PUBLICATION COMM_0078 (05-29-2020) BURMESE (မြန်မာစ) – BS